၁၄။ လေးပိုး

**Melon Thrips :*Thrips Palmi* (Karny, 1925)**

**Thysanoptera: Thripidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



လောက်ကောင်သည် အဝါဖျော့ရောင်ရှိပြီး သေးသွယ်သော ခန္ဓာကိုယ်ရှိသည်။ အရောင်မှာ အဖြူရောင်နှင့် ပန်းရောင်ရှိသည်။ ရုပ်ဖုံးမှာ မြေကြီးထဲတွင် ဖြစ်ပွားသည်။ အကောင်ကြီးသည် အဝါရောင်ဖြစ်ပြီး ပြန့်ကားသည်။ အမွေးများပါသော အတောင်နှစ်စုံပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လေးပိုးသည် အရွက်နုများနှင့် အဖူးများအား ထိုးဖောက်၍ အပြင်ဘက်ပိုင်းရှိ အပင်ဆဲလ်များကို ဖျက်ဆီးပြီး အပင်ရည်ကို စုပ်စားခြင်းဖြင့် ဖျက်ဆီးသောကြောင့် အပင်ကြီးထွားမှုနှင့် အစာခြေဖျက်မှု လုပ်ငန်းများကို လျော့ကျစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | -(၇-၁၆)ရက် |
| ပိုးမမည် အဆင့် | -(၄-၁၄)ရက် |
| ရုပ်ဖုံးအဆင့် | -(၃-၁၂)ရက် |
| အကောင်ကြီး အဆင့် | -(၁၂-၂၀)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)ငရုတ်၊ကြက်သွန်နီသီးနှံများနှင့်တွဲဖက်မစိုက်ပါနှင့်။

(၂)လေးပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များအပေါ်မှ ရေဖျန်းပါ။

(၃)မစိုက်မီ မျိုးစေ့ အားအီမီဒါကလိုပရစ်(Imidacloprid 600FS/Imidacloprid70SS) ဆေးဖြင့် လူးနယ်စိုက်ပျိုးပါ။

(၄)အပြာရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၅)ထိသေ၊စားသေ(သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဖစ်ပရိုနေးလ် (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)
- ကလိုဖီနာပြာ (Chlorfenapyr)